**သင်ပေးဆောင်ရမည့် နိုင်ငံသားကျန်းမာရေးအာမခံကြေးကို မပေးသွင်းရသေးပါ။**
**ပေးချေရန်နောက်ဆုံးသတ်မှတ်ကာလမတိုင်မီ ပေးချေပါ။ ငွေပေးချေရမည့် နောက်ဆုံးသတ်မှတ်ရက်ကို ကျော်လွန်သွားသော်လည်း မပေးသွင်းရသေးပါက ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုများစုံစမ်းစစ်ဆေးမှုလုပ်ဆောင်ပြီး ပေးဆောင်ရန်ပျက်ကွက်မှုအတွက်အရေးယူခြင်း (ပိုင်ဆိုင်မှုများကိုသိမ်းဆည်းခြင်းကဲ့သို့) ကို လုပ်ဆောင်နိုင်ပါသည်။**

**[သတိပြုရန်]**

○ ငွေပေးသွင်းပြီးသားဖြစ်ပါက စာပေးပို့ချိန်နှင့် ငွေပေးသွင်းချိန် လွဲသွားခြင်းဖြစ်နိုင်ပါသဖြင့် နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

○ ဘဏ်အကောင့်ထဲမှအလိုအလျောက်ဖြတ်တောက်သည့်စနစ်ကို အသုံးပြုနေသော အိမ်ထောင်စုများတွင်၊ သတ်မှတ်ထုတ်ယူနေ့တွင် သတိပေးခံရသော လအတွက် ငွေပမာဏကို ထုတ်ယူရန် စီစဉ်ထားပါက
နှစ်ကြိမ်ပေးဆောင်ခြင်း မဖြစ်စေရန်အလို့ငှာ ဤငွေပေးသွင်းမှုစလစ်ဖြင့် ပေးသွင်းခြင်းမပြုပါနှင့်။


○ သင့်အလုပ်ခွင်စသည်တို့၌ အခြားသော ကျန်းမာရေးအာမခံများ ထည့်ဝင်ထားပါက နိုင်ငံသားကျန်းမာရေးအာမခံကို ပယ်ဖျက်မည့်လုပ်ငန်းစဉ်များအတွက် မိမိကိုယ်တိုင် လုပ်ဆောင်ပါ။
(လုပ်ငန်းစဉ်များကို တိုရှိမရပ်ကွက်နှင့် သင့်အလုပ်ခွင်တို့မှ အလိုအလျောက် လုပ်ဆောင်ပေးမည်မဟုတ်ပါ။)

○ သတိပေးတောင်းခံလွှာကို ဘဏ်အကောင့်ထဲမှအလိုအလျောက်ဖြတ်တောက်သည့်စနစ်ကို အသုံးပြုနေသည့် အိမ်ထောင်စုများ၊ အရစ်ကျခွဲသွင်းနေသည့်အိမ်ထောင်စုများ၊ နေထိုင်မှုဘဝရပ်တည်ရေးအထောက်အပံ့ရယူနေဆဲဖြစ်သည့် အိမ်ထောင်စုများထံသို့လည်း ပေးပို့ပါသည်။

○ ဘေးအန္တရာယ်ကျရောက်ခြင်း သို့မဟုတ် ပေးသွင်းရန်မဖြစ်နိုင်သည့် အခြားထူးခြားသော အကြောင်းအချက်များကြောင့် ပေးသွင်းရန်မဖြစ်နိုင်ပါက အမြန်ဆုံး ဆက်သွယ်ညှိနှိုင်းပါ။ အထူးအကြောင်းပြချက်မရှိဘဲ အာမခံကြေးပေးသွင်းရန် ဆက်လက်ပျက်ကွက်နေပါက ပုံမှန်အာမခံအကျိုးခံစားခွင့် ရပ်ဆိုင်းခြင်းခံရပြီး အထူးကုသရေးစရိတ် (တနည်းအားဖြင့် ဆေးရုံစရိတ်ကို အရင်ကိုယ်တိုင်အပြည့်ပေးရပြီးမှ နောက်မှ တစ်စိတ်တစ်ပိုင်း ပြန်ရနိုင်သည့် စနစ်) သာ ရရှိနိုင်ပါသည်။

○ 2026 - 2027 ခုနှစ်ဘဏ္ဍာနှစ် ဇွန်လအတွက် စည်းကြပ်မှုမှစတင်ပြီး ရက်လွန်ကြေးပေးဆောင်ရမည်ဖြစ်ပါသည်။ ရက်လွန်ကြေးကို နိုင်ငံသားကျန်းမာရေးအာမခံကြေးပေးသွင်းပြီးနောက်တွင် သီးခြားတောင်းခံသွားပါမည်။

**◎သင့်လက်ထဲရှိ အသိပေးအကြောင်းကြားစာနှင့် တိုက်ဆိုင်စစ်ဆေးပြီး အတည်ပြုပါ။**




ဤနေရာ၌ ဘားကုဒ်ရိုက်နှိပ်ထားခြင်း မရှိပါက တိုရှိမရပ်ကွက်အုပ်ချုပ်ရေးရုံး အများပြည်သူဆိုင်ရာငွေပေးဆောင်မှုကောင်တာနှင့် ရပ်ကွက်မှအထူးသတ်မှတ်ထားသော ငွေကြေးအဖွဲ့အစည်းများတွင် ပေးသွင်းပါ။ အသေးစိတ်အတွက် ကျောဘက်ရှိ ပေးသွင်းနိုင်သည့်နည်းလမ်းကို ကြည့်ရှုပါ။

| | | | |
|---|---|---|---|
| ① | နိုင်ငံသားကျန်းမာရေးအာမခံကြေးပေးသွင်းပြီးကြောင်း အသိပေးအကြောင်းကြားစာ | ⑧ | အကျုံးဝင်သည့်ဘဏ္ဍာနှစ် |
| ② | ပေးသွင်းရမည့် စုစုပေါင်းငွေပမာဏ | ⑨ | သင်္ကေတနံပါတ် |
| ③ | စည်းကြပ်သည့်ဘဏ္ဍာနှစ် | ⑩ | အာမခံကြေး |
| ④ | ကာလအလိုက် | ⑪ | ရက်လွန်ကြေး |
| ⑤ | အသိပေးစာအမှတ် | ⑫ | ပေးသွင်းရမည့်ကာလ |
| ⑥ | ငွေပေးချေရမည့် နောက်ဆုံးသတ်မှတ်ရက် | ⑬ | အသိပေးအကြောင်းကြားစာနှင့် လက်ခံဖြတ်ပိုင်း |
| ⑦ | ပေးချေရမည့် တာဝန်ရှိသူ | | |

